နောင်ဖူကျေးရွာ

မိုင်းခတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၀ - ၂၀၂၃) ဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နောင်ဖူကျေးရွာ၊ မိုင်းခတ်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ် ၊ သြဂုတ်လ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၂

စကားချီး ၆

ဟိုလင်းကျေးရွာသယံဇာတပြမြေပုံ၊မိုင်းခတ်မြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် **၉**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့်ဝင်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၀

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၃

(၁၀)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

(ဃ) ကိုးကားစာရင်း

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၂၉

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား ၁လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်ခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု (၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေရင်းမြစ်နှင့်ရေသွင်းဇရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှု နှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှုံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစာ

ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၇၁
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်စာရင်း ၇၂
ကိုးကားစာရင်း ၇၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂-၂၀၂၃ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ဝမ်ခုတ်ကျေးရွာအုပ်စု၊နောင်ဖူကျေးရွာတွင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ၏ပထမဦးဆုံးသောကျေးရွာမှလူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုပြီး ကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်

တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ် လ၊ ၂၀၂၂ ။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နောင်ဖူကျေးရွာ
ဝမ်ခုတ်ကျေးရွာအုပ်စု
မိုင်းခတ်မြို့နယ်

ကျေးရွာသယံဇာတပြမြေပုံ

နောင်ဖူ



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်ဖြစ်ပြီး ကျေးရွာများအတွက် အမှန်တယ်လိုအပ်လျက်ရှိသော စီမံကိန်းလုပ်ငန်းများအား ကျေးရွာအများသဘောတူညီချက်ဖြင့် ရွေးချယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာ စီမံကိန်း အကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာလူထု၏ ေဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၏ တောင်ဘက်(၅.၀) မိုင် အကွာတွင်တည်ရှိသည်။ ကျေးရွာသည် တောင်ကုန်းဒေသတွင်တည်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ဆောင်ရွက်ကြ ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ဆိုင်ကယ်နှင့် ဆမ်လော့ (၃ဘီး) များကို အများဆုံး အသုံးပြုကြပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ(၈၀)မှာ၀၀ ဝန်းကျင် ရွာသွန်းလေ့ ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် သင့်တော်သောအခြေအနေဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

သဘာဝအရင်းအမြစ်အဖြစ် ကျေးရွာတွင် စိုက်ပျိုးလုပ်ကိုင်၍ရသော လယ်မြေနှင့် တောင်ယာမြေများရှိကြပြီး မြေဆီဩဇာအတင့်အသင့် ရှိပါသည်။ စပါး၊ ပြောင်းသီးနှံများ အဓိကထား စိုက်ပျိုးကြပါသည်။

၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

နောင်ဖူကျေးရွာတွင်အိမ်ထောင်စုပေါင်း (၅၅) စုနှင့် ကျား(၁၇၉)၊ မ(၁၃၁) ဦးဖြင့် လူဦးရေပေါင်း(၃၁၀)ဦးရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည်(၅) ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင်လားဟူနှင့်(၀)အများစုနေထိုင်ကြပြီး ခရစ်ယာန်ကိုးကွယ်ကြသည်။ ကျေးရွာတွင် စုစုပေါင်းလူဦးရေ၏ (၈၅%)သည် အလုပ်လုပ်နိုင်သောလူဦးရေဖြစ်ပြီး မှီခိုသူလူဦးရေသည် (၁၅%) ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် အနည်းငယ်ခန့်ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၅%) သည် ဆင်းရဲသော အိမ်ထောင်စုအဆင့်နှင့် အဆင့် (၁၀%) သည် အလွန်ဆင်းရဲသောအိမ်ထောင်စုအဖြစ် ခံယူကြပြီး(၇၅%)သည်အလယ်အလတ်အိမ်ထောင်စုအဆင့်ရှိကြသည်ဟုခံယူကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

နောင်ဖူကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုအဆင့် “၄” အိမ်ထောင်စုများနှင့် အဆင့် “၅” အိမ်ထောင်စုများ၏ စုစုပေါင်းအနက်မှ စံအဖြစ်ကောက်ယူလေ့လာထားသော အိမ်ထောင်စု (၄)စုလုံးသည် ဝမ်းစာမှုဖူလုံမှုရှိကြောင်းတွေ့ရသည်။ ၎င်းအိမ်ထောင်စုများသည် အကြွေးတင်ရှိမှု အနည်းငယ်သာရှိသည်ဟုဆိုကြသည်။ ယာများတွင် စပါး၊ ပြောင်း၊ မြေပဲတို့ စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စားအငှားလိုက်ခြင်းနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပြီး မိုင်းခတ်မြို့စျေးတွင် လာရောက်ရောင်းချခြင်းအတွက် ဖူလုံမှုရှိသည်ဟုဆိုကြသည်။ ဝမ်စာဖူလုံမှုမရှိသော အိမ်ထောင်စုများသည် မိတ်ဆွေနှင့်ဆွေမျိုးများထံမှ ချေးယူခြင်းဖြင့် စားဝတ်နေရေး ဖြေရှင်းကြသည်ဟုသိရပါသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

နောင်ဖူကျေးရွာတွင် ကျေးရွာသူ/သား အများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုမှာ သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်များပါသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုးရောဂါအဖြစ်များပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာများ အနည်းငယ်သာရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို မိုင်းခတ်မြို့ပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များမှ ရရှိပါသည်။ အများအားဖြင့် ကျေးရွာမှလူများသည် မိုင်းခတ်မြို့၌ရှိသော မိုင်းခတ်ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများသို့ ကျန်းမာရေးစောင့်ရှောက်ခြင်းများ ရရှိပါသည်။

ကျေးရွာတွင်“စိမ့်စမ်း”ရေရရှိပြီး ၎င်းစိမ်စမ်းရေဖြင့် သောက်သုံးရေရယူခြင်းဖြစ်ပြီး ကျေးရွာတွင် သောက်ရေ/သုံးရေ ဖူလုံကြောင်းတွေ့ရှိရပါသည်။

(c) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ မူလတန်းကျောင်းအဆင့်ထိသာရှိပြီး အလယ်တန်းပညာအဆင့်သာ တက်ရောက်မှုများကြောင်းတွေ့ရှိရပါသည်။ ရွာသူ/သား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်များကိုသာတက်မြောက်ကြပြီး အလယ်တန်းနှင့်အထက်တန်းတို့ကို (5)ဖာလုံ ဝေးသွာကျောင်းခွဲသို့ တက်ရောက်သင်ကြားနိုင်ကြပါသည်။

(စ) ကျား-မရေးရာ

နောင်ဖူကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီး အများအားဖြင့် အမျိုးသားများက ဦးဆောင်လျက်ရှိသည်။ ကျေးရွာ၏ လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသား အရေအတွက်သည် အမျိုးသမီးလူဦးရေထက် အနည်းငယ် ပိုကြောင်းတွေ့ရသည်။ သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့်ပါတ်သက်၍အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့သည် ကျားမဦးရေ တန်းတူပါဝင်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဝေယျာဝစ္စအဖွဲ့၊ ကျောင်းကော်မတီ၊ ရေကော်မတီနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့များရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှု အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စပါး၊ ပြောင်းတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။ လယ်မြေစိုက်ဧက (၂၇.၅)ဧက၊ အိမ်ခြံဝင်း စိုက်ခင်း(၂) ဧက ၊ မြေလွတ် မြေလပ် (၁)ဧက ရှိပါသည်။ ချောင်းရှိသဖြင့် ရေရင်းမြစ်မှ လယ်စိုက်(၂၇.၅)ဧကအတွက် ရေရှိပါသည်။ ယာခင်း၏စပါးတစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ရာသီဥတုကောင်းလျှင် (၈၀) တင်းထွက်ရှိပြီး၊ ပြောင်းတစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၁၀၀) ပိဿာထွက်ရှိပါသည်။ကျေးရွာတွင် အိမ်ခြေ ၁၀ မှာ အိမ်ခြေ ၁၀ လောက်က စပါး၊ ပြောင်း စိုက်ပျိုးကြပါသည်။ စပါးစျေးသည် ယခုလက်ရှိအချိန်အတွင် တစ်တင်း(၁၂၀၀၀) ကျပ်နှုန်းဖြင့် စျေးအသင့်အတင့် ရောင်းချရပါသည်။ စပါးသည် (၁) နှစ်သက်တမ်းရှိပါသည်။ တောင်သူအများစုသည် တောင်ယာလုပ်ငန်းတွင် မိရိုးဖလာနည်းလမ်းကိုသာ အများဆုံးအသုံးပြုကြသည်။

ကျေးရွာတွင် နွားမွေးမြူသောအိမ်ထောင်စုအရေအတွက်မှာ (၁၀) အိမ်ထောင်စုရှိပြီး ဒေသ နွားများကိုမွေးမြူကြသည်။ ကျေးရွာတွင် ဝက်နှင့်ကြက်များကိုအသားစားဖြစ် မွေးမြူကြပါသည်။ငါးမွေးမြူရေးလုပ်ငန်းလုပ်များကို စီပွားရေးအတွက် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ယာမြေများကောင်းခြင်းကြောင့် သီးနှံအထွက်နှုန်းနည်းကာ ကျေးရွာတွင် စားလောက်ရုံသာ ဖူလုံပါသည်။ အိမ်တွင်ကုန်စုံဆိုင်ဖွင့်၍ စျေးရောင်းသော အိမ်ထောင်စုများလည်းရှိပါသည်။ ပန်းရံ၊ လက်သမားအဖြစ် လုပ်ကိုင်သူများလည်းရှိသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်ရှိကာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများဖြစ်သော စိုက်ပျိုးရေးမွေးမြူရေးသင်တန်း၊ အပ်ချုပ်စက်၊ ပန်းရံလက်သမားလုပ်ငန်း သင်တန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တက်ရောက်နိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြုစေမည်ဖြစ်ပါသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

နောင်ဖူကျေးရွာတွင်တောင်သူများသည် ဓါတုပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာသုံးစွဲမှု နည်းပါး၍ သဘာဝမြေဩဇာဖြစ်သည့် နွားချေးတို့ကိုသာအသုံးပြုကြသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်မှု အားနည်းပါ သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ဆွေမျိုးနှင့် ရင်းနှီးသူများထံတွင်လည်း အာမခံဖြင့် ချေးယူကြပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

နောင်ဖူကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းသာ ရှိပါသည်။ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းကို (၅)ဖာလုံဝေးသော ကျေးရွာတွင်သွားရောက် တက်ရောက်ရပါသည်။။ ကျေးရွာတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ကျပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်းနှင့် အလယ်တန်းပညာကိုသာ ပြီးဆုံးအောင်သင်ကြား ကြပြီး အထက်တန်းပညာကို ဆက်လက်တက်ရောက် သူနည်းပါးကြပါသည်။ စာသင် ကျောင်းတွင် ကျောင်းသားလူဦးရေအသင့်သင့်ရှိပါသည်။ ဆင်းရဲသော မိသားစုများသည် ကျောင်းစရိတ်မတက်နိုင်သဖြင့် မူလတန်းအောင်မြင်ပြီးလျှင် ပညာဆက်လက်မသင်ယူပဲ စားဝတ်နေရေးနှင့် ငွေကြေးအတွက် လမ်းခင်းခြင်း အင်္ဂါးလိုက်ခြင်း၊ ယာများလုပ်ကိုင်ခြင်း လုပ်ကိုင်ကြပါသည်။ တက္ကသိုလ်ကျောင်းဆက်တက်သော ကျောင်းသားမရှိပါ။

နောင်ဖူကျေးရွာသို့ တာဝန်ကျကျေးလက်ကျန်းမာရေးဆရာမများမှ လာရောက်၍ ကာကွယ်ဆေးများထိုးပေးပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကျေးရွာတွင် ရောဂါဖြစ်ပါက ဆေးကုသမှုခံယူရန် မိုင်းခတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးရွာအုပ်စုကျန်းမာရေးဌာန၊ မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများမှ ရရှိပါ သည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် ရွာထဲတွင်အုတ်ရေကန်မှ ပိုက်များဖြင့် သွယ်တန်း၍အသုံးပြုပါသည်။ ထိုအုတ်ရေကန်မှ နွေရာသီ၊ မိုးရာသီနှင့် ဆောင်းရာသီ (၁)နှစ်ပတ်လုံး ရေရရှိပြီး ၎င်းရေအား သောက်သုံးရေအဖြစ် အသုံးပြုကြပါသည်။ ထိုအုတ်ရေကန်မှလည်း အိမ်တိုင်ရာရောက် ရေပေးဝေခြင်းကြောင့် ကျေးရွာတွင်

တစ်နှစ်ပတ်လုံး ရေဖူလုံမှုရှိပါသည်။ အမှိုက်ကိုရွာအနောက်တွင်သာ စုပုံစွန့်ပစ်ကြပြီး သန့်ရှင်းကောင်းမွန်လာအောင် လုပ်ဆောင်ရန် လိုအပ်သော အနေအထားဖြစ်ပါသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

နောင်ဖူကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ ကျေးရွာတွင်ရိုးရာဓလေ့ပွဲတော်များတွင် ကျေးရွာလူငယ်များအားလုံး ပါဝင်ဆင်နွှဲကြပါသည်။ စာပေနှင့်ယဉ်ကျေးမှုအပိုင်းတွင်လည်း လူငယ်များပါဝင်မှုအားနည်းပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များပါဝင်လုပ်ဆောင်မှု အသင့်အတင့်ရှိပါသည်။

(ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

နောင်ဖူကျေးရွာသည် မြေသားလမ်းဖြစ်ပြီး၊ မိုးတွင်း၌ သွားလာရန်အခက်ခဲသော လမ်းဖြစ်ပါသည်။ ယခုအခါ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ဖြင့် ရေပိုက်လိုင်းသွယ်တန်းခြင်း (၁.၅"PVC(2/1.1)မိုင်) လုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီများကိုယ်တိုင် လုပ်ဆောင်ကြပါသည်။ လမ်းပမ်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်အစီး(၃၅)၊ သုံးဘီး(ဆမ်လော့)(၁)စီး အသုံးပြုလျက်ရှိသည်။

ကျေးရွာရှိအိမ်ထောင်စုများသည် ဆိုလာပြားဖြင့် လျှပ်စစ်မီးသုံးစွဲပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းမရှိပါ။ ယခုအခါ အိမ်အများစုသည် ဆိုလာမီးဖြင့် အသုံးပြုလျက်ရှိပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှုရှိပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာရှိအိမ်ထောင်စုတိုင်းတယ်လီဖုန်းများရှိခြင်းကြောင့် သတင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနများသို့ဆက်သွယ်ရာတွင် အဓိကအားဖြင့်တယ်လီဖုန်း၊ ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့် ဆက်သွယ်ကြပါသည်။ ဆက်သွယ်ရေးအတွက် အမ်ပီတီ၊ တယ်လီနော၊ ဖုန်းလိုင်းများကိုအသုံးပြုကြပြီး အိမ်ထောင်စုတိုင်းတယ်လီဖုန်း သုံးစွဲလျက်ရှိပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်

သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်ဟုမယူဆခြင်း၊ ဗဟုသုတမရှိခြင်းတို့ကြောင့် ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာသားများသည်(၅.၀)မိုင်ခန့်အကွာရှိ မိုင်းခတ်မြို့နယ်ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေညီများဖြစ်ပြီး မြေဆီဩဇာအသင့် အတင့်ရှိပါသည်။ ရာသီဥတုကောင်းမွန်ပြီး ရာသီပေါ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် စျေးကွက်ကောင်းသည် အထူးသဖြင့်နွား၊ ကြက်နှင့်ဝက်ကိုတိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့အဆင်ပြေစွာလုပ်ကိုင်ကျပါ ါသည်။ကျေးရွာတွင်(CDMA)မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုစျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်လိုင်းများ အကောင်းသဖြင့် အင်တာနတ်သုံးစွဲ၍ မရပါ။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာကောင်မွန်ကြောင်းတွေ့ရှိရပြီ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုများပြားပြီး သက်ဆိုင်ရာဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။

နောင်ဖူကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် ကျေးရွာတွင် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အလွန်နည်းပါသည်။ အိမ်တွင်းမှု

ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အသိပညာ အထိအတွေ့တို့ အလွန်အားနည်းပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းရှိလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည်စပါး၊ ပြောင်း၊ မြေပဲသယ်ယူရန် ကျေးရွာကုန်ထုတ် လမ်းအဖြစ်ဆောင်ရွက်သွားမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကျေးရွာတွင် မီးလင်းရန်အတွက် ရေအားလျှပ်စစ် ဆောင်ရွက်သွားမည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည်ကျေးရွာတွင်း ဆေးပေးခန်းရရှိအောင် ဆောင်ရွက် သွားမည်။

(က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်။

(က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် အစည်းအဝေးခန်းမဆောင် ရရှိအောင် ဆောင်ရွက်သွားမည်။

(က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျောင်းစာသင်ကျောင်းဆောင် တည်ဆောက်ရန် အတွက် စာသင်ကျောင်းဆောင်ရရှိအောင် ဆောင်ရွက်သွားမည်။

(က.၈) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းဖွင့်လှစ်ဆောင်ရွက် နိုင်ရေး ဆောင်ရွက်သွားမည်။

(က.၉) ကျွန်ုပ်တို့ကျေးရွာလူထုသည် ပန်းရံ+လက်သမားသင်တန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်။

(က.၁၀) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်အများသုံးအိမ်သာ ရရှိအောင်ဆောင်ရွက်သွားမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(က.၁) ကျေးရွာတွင် ကျေးရွာတွင်းရှိလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

(က.၂) ကျေးရွာတွင်စပါး၊ ပြောင်း၊ မြေပဲသယ်ယူရန် ကျေးရွာကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက် သွားမည်။

(က.၃) ကျေးရွာတွင် လူနေမှုအဆင့်အတန်းမြင့်မားပြီး ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ ကျောင်းစာများ လေ့လာနိုင်ရန်အတွက် မီးရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က.၄) ကျေးရွာတွင်ဆေးပေးခန်းရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က.၅) ကျေးရွာတွင် ကျေးရွာတွင်အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(က.၆) ကျေးရွာတွင် အစည်းအဝေးခန်းမဆောင်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က.၇) ကျေးရွာတွင် စာသင်ကျောင်းဆောင် တည်ဆောက်ရန်အတွက် စာသင်ကျောင်းဆောင်ရရှိအောင် မြို့နယ်ပညာရေးမှူးရုံးဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(က.၈) ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်းဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက် သွားမည်ဖြစ် ပါသည်။

(က.၉) ကျေးရွာတွင်(ပန်းရံ+လက်သမား)သင်တန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

(က.၁၀) ကျေးရွာတွင် အများသုံးအိမ်သာရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

နိုင်ငံတော်၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပံ့မှန်စိစစ်သွားနိုင်ပါမည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး၊

ကျေးရွာတွင်ယာမြေများတွင် စပါး၊ ပြောင်း၊ မြေပဲ တို့ကိုစိုက်ပျိုးကြသည်။ စိုက်ပျိုးထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုကြပါသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် မျိုးကောင်းမျိုးသန့်အသုံးပြုရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

လယ်သမားများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်လျက်ရှိပါသည်။

(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျွန်တော်တို့ကျေးရွာမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ အခြားမည်သည့် အလုပ်အကိုင်မှ မတွေ့ရသေးပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆိုင်ကယ်၊ ကားစသည့် စက်ပြင်သင်တန်း၊ အပ်ချုပ်သင်တန်း၊ လက်သမား၊ ပန်ရံ

သင်တန်း၊ စိုက်ပျိုးရေးမွေးမြူရေးသင်တန်း အစရှိသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုပေးနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုမှ ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလနှင့် ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် အလုံးစုံပြည့်စုံမှုမရှိနိုင်ပါ။ ဆိုလိုသည်မှာကျေးရွာလူထုသည်ဤသို့မျှော်မှန်းရေးဆွဲထားပြီးသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းထပ်မံဖော်ထုတ်သွားကြမည်ဖြစ်ပါသည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်ေေသဘာဝဘေးအန္တရာယ်ကဲ့သို့ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမူဘောင် အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များ စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန်အတွက် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစသည်ဖြင့် အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံသောစီမံကိန်းအုပ်စု (Functional classification) သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် မည်သို့ဆောင်ရွက်ရမည်ကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံသောအုပ်စု (Economic classification)သတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊

စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံသောစီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံသောစီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းထံမှ နည်းပညာအကူအညီများ ရရှိရန် လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	ရှင်းလင်းဖော်ပြချက်	မှတ်ချက်
လမ်း၊ တံတား	ကျေးရွာကွန်ကရစ်လမ်း	၅၀	၁	ကျေးရွာတွင်းရှိလမ်းများအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။	

လမ်း၊ တံတား	ကျေးရွာ ကုန်ထုတ်လမ်း	၄၅	၂	စပါး၊ပြောင်း၊မြေပဲသယ်ယူရန် ကျေးရွာကုန်ထုတ်လမ်းအဖြစ် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။	
မီးလင်းရေး	ကျေးရွာ ဆိုလာမီးလင်းရေး တင်ပြတောင်းခံ	၃၆	၃	ကျေးရွာတွင် ဆိုလာများတပ်ဆင်ပြီးဖြစ်သော်လည်း လုံလောက်မှုမရှိသေးပါ။ ဆိုလာမီးလင်းရေးရရှိရန်နှင့် ဆိုလာလမ်းမီးတိုင်များရရှိရေးအတွက် သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။	
ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းတင်ပြတောင်းခံခြင်း	၃၄	၄	ကျေးရွာတွင်ဆေးပေးခန်း ရရှိအောင် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။	
စွမ်းဆောင်ရည်မြှင့်တင်ရေး	အပ်ချုပ်စက်သင်တန်းဖွင့်လှစ်နိုင်ရေးတင်ပြတောင်းခံခြင်း	၃၄	၅	ကျေးရွာတွင် အပ်ချုပ်စက်သင်တန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။	
အခြား	အစည်းအဝေးခန်းမ ဆောင်ရရှိရေးတင်ပြတောင်းခံခြင်း	၃၁	၆	ကျေးရွာတွင် အစည်းအဝေး ခန်းမဆောင်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။	
ပညာရေး	စာသင်ကျောင်းဆောင်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆောက်လုပ်ခြင်း	၃၁	၇	ကျေးရွာတွင် ကျောင်းသားလူဦးရေများပြားခြင်းကြောင့် ကျောင်းသားများ စာသင်ရာတွင် နေရာခက်ခဲရှိသဖြင့် နောက်ထပ် ကျောင်းဆောင်သစ်တစ်ခု ဆောက်လုပ်ပေးရန် မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက် ဆောင်ရွက်သွားပါမည်။	
စွမ်းဆောင်ရည်မြှင့်တင်ရေး	စိုက်ပျိုးရေး၊မွေးမြူရေး သင်တန်းဖွင့်လှစ်နိုင်ရေးတင်ပြတောင်းခံခြင်း	၂၂	၈	ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။	
စွမ်းဆောင်ရည်မြှင့်တင်ရေး	ပန်းရံ+လက်သမား သင်တန်းဖွင့်လှစ်နိုင်ရေးတင်ပြ တောင်းခံခြင်း	၂၂	၉	ကျေးရွာတွင်ပန်းရံ+လက်သမား သင်တန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။	

အခြား	ကျေးလက်အိမ်သာတင်ပြတောင်းခံခြင်း	၁၆	၁၀	ကျေးရွာတွင် အများသုံးအိမ်သာ ရရှိအောင်သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။	

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလအတွင်း ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကိုအောက်ပါဇယားတွင် ဖော်ပြထားပါသည်-

စဉ်	စီမံချက်	ဦးစားပေးအဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကျေးရွာကွန်ကရစ်လမ်း	၁	√				
၂	ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း	၂		√			
၃	ဆိုလာမီးရရှိအောင်ဆောင်ရွက်ခြင်း	၃			√		
၄	ကျေးလက်ဆေးပေးခန်းတည်ဆောက် ခြင်း	၄					√
၅	အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ခြင်း	၅		√			
၆	အစည်းအဝေးခန်းမဆောင်တည်ဆောက်ခြင်း	၆				√	
၇	စာသင်ကျောင်းတည်ဆောက်ခြင်း	၇		√			
၈	စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်းဖွင့်လှစ်ခြင်း	၈			√		
၉	ပန်းရံ+လက်သမားသင်တန်းဖွင့်လှစ်ခြင်း	၉			√		
၁၀	ကျေးလက်အိမ်သာတည်ဆောက်ခြင်း	၁၀			√		

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထား သော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများ ကို ထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာလုပ်အား၊သဲ၊ ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာကွန်ကရစ်လမ်းတင်ပြတောင်းခံခြင်း	၁၀၀		√		
၂	ကျေးရွာကုန်ထုတ်လမ်းတင်ပြတောင်းခံခြင်း	၁၀၀		√		
၃	ဆိုလာမီးရရှိအောင်ဆောင်ရွက်ခြင်း	၁၀၀		√		
၄	ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း	၁၀၀		√		
၅	အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ခြင်း	၁၀၀		√		
၆	အစည်းအဝေးခန်းမဆောင်တည်ဆောက်ခြင်း	၁၀၀		√		

၇	စာသင်ကျောင်းတည်ဆောက်ခြင်း	၁၀၀		√		
၈	စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်း ဖွင့်လှစ်ခြင်း	၁၀၀		√		
၉	ပန်းရံ+လက်သမားသင်တန်းဖွင့် လှစ် ခြင်း	၁၀၀		√		
၁၀	ကျေးလက်အိမ်သာတည်ဆောက်ခြင်း	၁၀၀		√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးသည် ကျေးရွာ သား/သူများတွင် တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်း လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ် ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး စောင့်ကြည့်ကြီးကြပ်ရေးတာဝန် ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာအလယ်တန်း ကျောင်း၏ ပညာရေးအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် တာဝန်ယူ ဆောင်ရွက်လိုခြင်း ဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီဖွံ့ဖြိုးရေးအဖွဲ့က ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်း အခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာ အသင်းသည် အလယ်တန်းထိ ပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်-

- ❖ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- ❖ စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

